စိတ်ကူးချိုချိုအနုပညာ

mgyoe.com

ဇော်ဇော်အောင်

# အနုပညာသစ္စာတရား

mgyoe.com





mgyoe.com

ခင်မောင်ရင်နှင့်ဇော်ဇော်အောင်တို့
တွဲဖက်ထုတ်ဝေထားသည့် အနုပညာစံ စာအုပ်မှ
ဇော်ဇော်အောင်၏ ဆောင်းပါးစု။

ZZA0016
1,500.00 KS

mgyoe.com

mgyoe.com

အနုပညာ သရုပ်ဖော်ပန်းချီ – ဇော်ဇော်အောင်
တမျက်နှာ ၁၀၈ မျက်နှာ၊ ၁၃ စင်တီ x ၂၀ ·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇/၉၊ မိုးရိပ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ကျောင်းဈေး ၁ ၅ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■ ■

# အနုပညာ သစ္စာတရား

## ဇော်ဇော်အောင်

ခင်မောင်ရင်နှင့် နှစ်ဦးတွဲထုတ်ဝေထားသော
၁၉၉၇ မုံရွေးစာပေထုတ် အနုပညာစံ စာအုပ်မှ
ပြန်လည်ခွဲထုတ်စီစဉ်ခြင်း။

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | အနုပညာပြောင်းလဲဖြစ်ပေါ်မှု အဆင့်သုံးဆင့် | ၁ |
| ၂။ | အနုပညာသစ္စာတရား | ၉ |
| ၃။ | အနုပညာသမားနေရာ | ၁၅ |
| ၄။ | စာပေအနုပညာ၏ အနည်းဆုံးဝါဒ | ၂၁ |
| ၅။ | အနုပညာခံစားမှု တပ်ဆင်ဖန်တီးခြင်း | ၃၃ |
| ၆။ | မော်ဒန်ခေတ်လွန် ဝတ္ထုတိုသဘောတရား/ အပိုင်းအစ–စိတ်မြွာခြင်း သီဝရီ | ၃၉ |
| ၇။ | မော်ဒန်ခေတ်လွန် (POSTMODERNIST) ဝတ္ထုတိုအဖွင့် အပိုင်း (၁) | ၄၉ |
| ၈။ | မော်ဒန်ခေတ်လွန် (POSTMODERNIST) ဝတ္ထုတိုအဖွင့် အပိုင်း (၂) | ၅၉ |
| ၉။ | အနုပညာခံစားမှုသီဝရီ အပိုင်း (၁) | ၆၉ |
| ၁၀။ | အနုပညာခံစားမှုသီဝရီ အပိုင်း (၂) | ၇၇ |
| ၁၁။ | အရည်အချင်းပြည့်ဝသော ဝေဖန်ရေးဆရာ | ၈၉ |
| ၁၂။ | မူရင်း/ KOOB ONE/ KIN MAUNG YIN မြန်မာပြန်/ ကုဗတစ်(အုပ်စာတစ်)/ ဇော်ဇော်အောင် | ၉၇ |
| – | ဘာသာပြန်သူ၏ အမှာစကား | က |


❖

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အနုပညာပြောင်းလဲဖြစ်ပေါ်မှု
# အဆင့်သုံးဆင့်

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အနုပညာပြောင်းလဲဖြစ်ပေါ်မှု အဆင့်သုံးဆင့်

လူ့ယဉ်ကျေးမှုဖြစ်ပေါ်တိုးတက်ရေးအစဉ်မှာ အပြောင်းအလဲများ ကြုံရတတ်ပါသည်။ အချို့ဆရာများကလည်း အကွေ့အလှည့်ဟု သုံးနှုန်း တတ်ကြပါသည်။ အပြောင်းအလဲ အကွေ့အလှည့်တိုင်းမှာ အဆင့်သုံး ဆင့် ရှိသည်ဟု ကျွန်တော် မှတ်သားဖူးပါသည်။

ထိုအကြောင်းကို ကျွန်တော် တင်ပြပါမည်။ သဘောတူမတူမှာ စာဖတ်သူ၏ အလိုအတိုင်းသာ ဖြစ်ပါသည်။ ကျွန်တော်ကတော့ ထိုအဆို ကို သဘောတူပါသည်။ အထူးသဖြင့် အနုပညာမှာ ဤအတိုင်းပင် ဖြစ် ပျက်ပြောင်းလဲတိုးတက်သည်ဟု ကျွန်တော် ယုံကြည်စွဲမှတ်ပါသည်။

**အဆင့်သုံးဆင့်**

ခေတ်အဆက်ဆက်က နှစ်ရှည်လများ လူသားတို့ ဖန်တီးပြုစု တည်ဆောက်ခဲ့ကြသော ယဉ်ကျေးမှုအနုပညာအရပ်ရပ်သည် ကြီးမား ပြင်းထန် အရေးပါသော အပြောင်းအလဲ အကွေ့အလှည့်တစ်ခုခုကို ကြုံ တိုင်း အဆင့်သုံးဆင့်ကို ဖြတ်သန်းပြောင်းလဲ တိုးတက်သွားတတ်ပါ သည်။ ထိုအဆင့်သုံးဆင့်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

mgyoe.com

mgyoe.com


၁။ ပိုင်းစစိတ်မွှာပြိုကွဲခြင်း
**FRAGMENTATION AND DISINTEGRATION**

၂။ ပြန်လည်စုစည်းတည်ဆောက်ခြင်း
**RE-STRUCTURING**

၃။ အသစ်ဖန်တီးဖော်ထုတ်ခြင်း
**SUPERINTEGRATION**

ဤအဆင့်သုံးဆင့်ကို ထပ်မံတင်ပြပါဦးမည်။

၁။ ပိုင်းစစိတ်မွှာပြိုကွဲခြင်း

အနုပညာရပ်အသီးသီးမှာ အတွေးအခေါ်များ၊ အယူအဆ သီ၀ရီများ၊ တန်ဖိုးသတ်မှတ်ချက်များ၊ နှုန်းစံများ၊ အခြင်းအရာလက္ခဏာများ ရှိပါသည်။

ယင်းတို့ကို ခေတ်အဆက်ဆက် နှစ်ရှည်လများ လူသားတို့က ပြုစုတည်ဆောက်ခဲ့ပါသည်။ ထိုအခြင်းအရာ လက္ခဏာရပ်များ၊ အပိုင်းပိုင်း အစစ စိတ်မွှာ ကွဲကြေ၍သွားခြင်း (ဝါ) ခွဲချေဖြိုဖျက်ပစ်လိုက်ခြင်းသည် ပထမအဆင့်ဖြစ်ပါသည်။ ဤအဆင့်သည် အရှုပ်ထွေးဆုံး၊ အဆူညံဆုံး အဆင့်ဖြစ်ပါသည်။

ဤအဆင့်ကို အပေါ်ယံရှုပ်၍ကြည့်ပါက **ပုန်စားပုန်ကန်မှု** REBELLION တစ်ခုဟု အမှတ်မှားတတ်ကြပါသည်။ စည်းပျက်ကမ်းပျက်ကလေကချေ အလေနတော သရုပ်ပျက် BOHEMIAN လက္ခဏာများဟုလည်း အမှတ်မှားတတ်ကြပါသည်။ အနုပညာရှင်လူကြီးတွေ ပြောသမျှ လူငယ်တွေက လက်မခံ။ လူကြီးတွေ၏ စံက လူငယ်တွေနှင့်မကိုက်။ အလွန်ရှုပ်ထွေးဆူညံ၍ အရောရောအနှောနှောဖြစ်သောကာလဟု ပြောရပါမည်။

အစဉ်အမြဲ အသစ်တို့ရှေးရှုသော မည်သည့်အခါမှ ရှိပြီးသားနှင့် မကျေနပ်နိုင်သော အမြဲဖန်တီး၍ နေတတ်သော အနုပညာ(ဝါ) အနုပညာသမားတို့၏ သဘာ၀ကို မြင်အောင်မကြည့်။ ထို 'အသိမဆိုက်သူ' အဖို့

mgyoe.com

ဤသို့သော ပထမအဆင့်ကို လက်ခံနိုင်မည်မဟုတ်ပါ။ ဤအဆင့်သည် ထိတ်လန့်တုန်လှုပ်ဖွယ်ရာမဟုတ်။ မလွဲမသွေ ကြုံတွေ့ရမည်ဖြစ်သော သမိုင်းအမှန်တရားတစ်ခုအဖြစ် ကျွန်တော်ယုံကြည်စွာ တင်ပြခဲ့ပါသည်။

## ၂။ ပြန်လည်စုစည်းတည်ဆောက်ခြင်း

တစ်ပိုင်းတစ်စစီ အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲပျက်စီးသွားသော အတွေးအခေါ်များ၊ အယူအဆသီဝရီများ၊ တန်ဖိုးသတ်မှတ်ချက်များ၊ နှုန်းစံများကို ပြန်လည်စုစည်းတည်ဆောက်သော အဆင့်သည် ဒုတိယအဆင့် ဖြစ်ပါသည်။

ဤကာလသည် အလွန်အမင်း ရှုပ်ထွေး ဆူညံခြင်းမရှိတော့ပါ။

တစ်နည်းမှာ အနုပညာ အသိမဆိုက်သူများ၏ ဆူပူကန့်ကွက်သံ တိတ်သွားပါသည်။

လုံ့လဝီရိယကြီးသူများ၊ စိတ်ရင်းစေတနာမှန်သူများ၊ အနုပညာစိတ်ရှိသူများ အားထုတ်ကြိုးပမ်းသောကာလဖြစ်ပါသည်။ သတိပြုစေလိုသည်မှာ ပြန်လည်စုစည်း တည်ဆောက်ခြင်းသည် အပိုင်းအစအကျိုးအပျက် အပဲ့အရွဲ့များကို ဟိုတစ်စသည်တစ်စ ဆက်စပ်ယူခြင်းမဟုတ်ပါ။ ကိုယ့်အနုပညာနယ်ထဲက အခြင်းအရာများကိုပင် ပြန်လည်စုစည်း တည်ဆောက်ရမည်ကို ဆိုလိုပါသည်။

**ပမာဆိုသော် ‘ကဗျာ’ဆိုပါစို့။ ဘာသာစကားအသစ်ဖြင့် ရေး၍မရပါ။ သည်ဘာသာစကားထဲမှာပင် စနစ်တွေ၊ သတ်မှတ်ချက်တွေ၊ အသံတွေကိုပင် ရှာဖွေစုစည်း၍ ပြန်လည်တည်ဆောက်ရမည်ဟု ဆိုလိုပါသည်။** အသစ်ပြန်ပေါ်ရေးကို အမြဲတမ်း ရှေးရှုထားရမည်ကို ဆိုလိုပါသည်။ ကာရန်စနစ် ပြောင်းချင်ပြောင်းမည်။ ကာရန်လုံးဝမဲ့ချင်မဲ့မည်။ သို့သော် ဘာသာစကားထဲက ပြန်လည်စုစည်း ရှာဖွေဖော်ထုတ်လိုက်သော ‘အသစ်များ’ ဖြစ်ပေါ်ရေးကို ရှေးရှုဦးတည်ရမည်ဟု ဆိုလိုပါသည်။

## ၃။ အသစ်ဖန်တီးဖော်ထုတ်ခြင်း

ဤအဆင့်သည် အသစ်များ ထွန်းကားအခြေကျရသောအဆင့်

mgyoe.com

mgyoe.com

ဖြစ်ပါသည်။

ဒုတိယအဆင့်မှာ လုံ့လဝီရိယကြီးသော၊ စိတ်ရင်း စေတနာမှန်သော အနုပညာသမားများ ကြိုးစားစုစည်းခဲ့ကြသည်။ အခြင်းအရာ လက္ခဏာရပ်များသည် အနုပညာပစ္စည်းအသစ်အဖြစ် ဖြစ်ပေါ်တိုးတက် ပြီးစီးသွားပြီဟု ဆိုရပါမည်။ အဆင့်သုံးဆင့်ကို ကျွန်တော်မှတ်သားဖူးသော သီဝရီတစ်ရပ်မှ ယူ၍ တင်ပြလိုက်ပါသည်။

မြန်မာနိုင်ငံ၏ အနုပညာအရပ်ရပ် ပြောင်းလဲဖြစ်ပေါ်မှု (ဝါ) အကွေ့အလှည့်သည် မည်သည့်နေရာတွင် ရောက်နေသည်လဲ၊

ရောက်နေပြီလား။ လိုသေးသည်လား။

မည်သည့်အခြေအနေတွေ ဖန်တီးဖို့ လိုအပ်သလဲ ဟူသော မေးခွန်းများကို ကျွန်တော်တို့ ဖြေဆိုကြဖို့ပဲ ဖြစ်ပါသည်။ နိဂုံးစကားအဖြစ် ကျွန်တော် အထက်တစ်နေရာမှာ တင်ပြခဲ့သည့်အတိုင်း ဤအဆင့်သုံး ဆင့် သီဝရီကို လက်ခံခြင်း၊ ငြင်းပယ်ခြင်းမှာ စာဖတ်သူများ အလိုအတိုင်းသာ ဖြစ်ပါလိမ့်မည်။ ကျွန်တော်ကတော့ ဤအဆိုကို ယုံကြည်စွဲမှတ်ပါသည်။

**နောက်ဆက်တွဲမှတ်ချက်များ**

၁။ မူရင်းအဆိုသည် MALCOLM BRADBURY နှင့် JAMES. McFARIANE တို့ တည်းဖြတ်သော "MODERNISM" 1890-1930. NEW YORK, 1976 မှ ဖြစ်ပါသည်။ ထိုစာအုပ်ပါ McFARIL. ANE ၏ "THE MIND OF MODERNISM ဆောင်းပါးမှ ယူပါသည်။

၂။ အင်္ဂလိပ်ဝေါဟာရများ McFARILANE ၏ ဆောင်းပါးမှ ဖြစ်ပါသည်။

၃။ FRAGMENTATION ကို ယခင် ကျွန်တော်ရေးခဲ့ဖူးသော ပို့စ်မော်ဒန်ဝတ္ထုတို လေ့လာချက်ဆောင်းပါးတစ်ပုဒ်တွင် သုံးဖူးပါသည်။ ထိုစဉ်က အဆုံးမှာ အနုပညာအာရုံတစ်ခုကို အပိုင်းပိုင်း စိတ်မြွာ၍ အာရုံ

mgyoe.com

ခံစားခြင်းကို ရည်ရွယ်သုံးစွဲပါသည်။ ထိုစကားရပ်သည် ဝတ္ထုတို လေ့လာချက် ဝေါဟာရဖြစ်ပါသည်။ ယခု ဆောင်းပါးတွင်သုံးသော စကားရပ်မှာ အနုပညာတန်ဖိုးများ၊ စံများ စသည့် သတ်မှတ်ချက်တို့ကို ဖြို့ခွဲချေဖျက်ခြင်းဖြစ်ပါသည်။

အနုပညာအာရုံနှင့် တန်ဖိုးသတ်မှတ်ချက်များ ကွဲပြားစေလိုပါသည်။

❖

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# အနုပညာသစ္စာတရား

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# အနုပညာသစ္စာတရား

အနုပညာသမားသည် အမှန်တရားကို ရှာဖွေသူဟု ပြောတတ်ကြသည်။

စကားလှလှသုံးရလျှင် လောကသစ္စာကို ရှာဖွေသူဖြစ်သည်ဟု ဆိုကြပါသည်။ ထိုအဆိုကို ကျွန်တော် သဘောမတူပါ။ အနုပညာသမားသည် လောကသစ္စာကို ရှာဖွေသူမဟုတ်။ ရရှိသူ၊ တွေ့ရှိသူဖြစ်သည်။ ကျွန်တော့် အယူ ထိုသို့ရှိပါ၏။

လောကထဲမှာ လူတစ်ယောက်အဖြစ် အသက်ရှင် ဖြစ်တည်ရင်း၊ အနုပညာသမားတစ်ယောက်၏ ဘဝကို ခံယူရင်း၊ အနုပညာများကို ဖန်တီးရင်း၊ အမှန်တရားကို တွေ့ရှိသွား သူ၊ ရရှိသွား သူဖြစ်သည်။ ကျွန်တော် ထိုသို့ အယူရှိပါ၏။

**လောကသစ္စာဆိုတာ ဘာလဲ။**

**အမှန်တရားဆိုတာ ဘာလဲ။**

**အနုပညာသမားက ကြိုတင်သိထားသလား။**

**စိတ်ကူးယူ၍ ရသလား။**

**ကြံစည် တွေးတော ဆင်ခြင်သုံးသပ်၍ရသလား။**

mgyoe.com

mgyoe.com


**လောကသစ္စာဆိုသော သဘော၊ အမှန်တရားဆိုသော သဘောသည် နဂိုမူလအစကတည်းက ရှိနှင့်လေသလား။**

အကယ်၍ နဂိုမူလ အစကတည်းက ရှိနေနှင့်သည်ဆိုပါလျှင် အနုပညာသမား ရရှိလိုက်သော လောကသစ္စာသည် ထိုရှိနှင့်ပြီးသော လောကသစ္စာလား။ သီးခြားသပ်သပ်လား။ အလွန် မရေရာမသေချာသော အကြောင်းခြင်းရာများ ဖြစ်ပါသည်။ အလွန် ဝေဝါးမှုန်ရီပါသည်။ သံသယဖြစ်ဖွယ် အလွန်များပါသည်။

ကျွန်တော့်သဘောကို ပြောပါသည်။

ဤလောကမှာ အမှန်တရားကို ရှာဖွေသူတွေ များလှပါသည်။ သိပ္ပံပညာရှင်တွေ၊ ဝိဇ္ဇာပညာရှင်တွေ၊ ဒဿနပညာရှင် အတွေးအခေါ်သမားတွေ များလှပါသည်။ အမှန်တရားကို ရှာဖွေတွေ့ရှိသွားသူတွေ ရှိပါသည်။ အမှန်တရားကို ရှာဖွေတွေ့ရှိပြီဟု ထင်သွားသူတွေလည်း ရှိပါသည်။ မာယာတောမှာ မောပန်းလက်လျှော့လိုက်သူတွေလည်း ရှိပါသည်။ ထိုပုဂ္ဂိုလ်အားလုံးသည် (ရသည်မရသည်အပထား) ရှာဖွေသူများဖြစ်ကြ၏။

**အနုပညာသမားက မရှာဖွေဘဲ တွေ့ရှိသူ၊ ရရှိသူဖြစ်၏။**

အနုပညာသမားသည် လောကသစ္စာကို ရှာဖွေခြင်းအလုပ်ကို မလုပ်။ အနုပညာဖန်တီးခြင်း အလုပ်ကိုသာ လုပ်၏။

သူကမသွား။ သူ့ထံသို့လာရ၏။

သူက မရှာ သို့သော် တွေ့၏။

ထိုသစ္စာတရားသည် သူကြိုတင် ကြံစည်တွေးတော စိတ်ကူးထားသော အရာမဟုတ်။ ထိုသစ္စာတရားသည် အခြားသောပုဂ္ဂိုလ်များ တွေ့ရှိသော သစ္စာတရားနှင့် ခြားနား၏။ သူတွေ့ရှိသော သစ္စာတရား သည် အနုပညာသစ္စာတရားဖြစ်၏။

သူရရှိသော အမှန်တရားသည် အနုပညာအမှန်တရားဖြစ်၏။ အခြားသူများ တွေ့ရှိသော အမှန်တရားနှင့် ခြားနား၏။

အဘယ့်ကြောင့်ဆိုသော် သူတွေ့ရှိသော အမှန်တရားသည် အခြားနည်းဖြင့်မရ။ အခြားသော လမ်းဖြင့်မရ။ အနုပညာ ဖန်တီးခြင်းနည်းဖြင့်၊

mgyoe.com

mgyoe.com

အနုပညာဖန်တီးခြင်းလမ်းဖြင့်သာ ရအပ်သော အနုပညာသစ္စာတရား၊ အနုပညာ အမှန်တရားဖြစ်နေခြင်းကြောင့်ပင် ဖြစ်၏။ ကျွန်တော် ဤသို့ အယူရှိပါ၏။

အနုပညာများကို ဖန်တီးရင်း၊ အနုပညာသမားတစ်ယောက်၏ ဘဝကိုခံယူရင်း လူတစ်ယောက်အဖြစ် အသက်ရှင်ဖြစ်တည်နေသော လောကတွင် သူမှတစ်ပါး အခြားလူများစွာရှိနေကြ၏။

ဘဝတွေရှိနေကြ၏။ သူအပါအဝင်သူများ၏ ဘဝတွင် အသက်ရှင်ဖြစ်တည်မှု အတိုင်းအတာ အကန့်အသတ်တွေရှိနေ၏။ အသီးသီး၏ ဖြစ်တည်ဆဲဘဝမှာ လှုပ်ရှားနေကြ၏။ ရုန်းကန်နေကြ၏။ ဘဝတွေကို နေထိုင်ကုန်လွန်စေရင်း တန်ဖိုးများကို တည်ဆောက်နေကြ၏။ ထိုတန်ဖိုးများ မကြာခဏ ပြိုလဲပျက်စီးကုန်ကြ၏။ တန်ဖိုးအသစ်တွေ ပေါ်ထွက်လာ၏။ လူအများ ညီညွတ်စိတ်တူ တည်ဆောက်ဆဲခဏမှာပင် စောဒကတက်နေကြ၏။ နောက်ဆုံး အမှန်တရားကိုပင် စောဒကတက်နေကြ၏။

တစ်နေရာမှာ မှန်၍ တစ်နေရာမှာ မှားနေ၏။ အချို့အတွက် မှန်၍ အချို့အတွက် မှားနေ၏။

ထိုသို့ ရှုပ်ထွေးဆူညံနေသော လောကထဲမှာ အနုပညာသမားသည် အထီးတည်း ဂုဏ်ရောင်ပြောင်စွာ သူ့အနုပညာကိုသူ ဖန်တီးနေသည်။

သူဖြစ်တည်ဆဲ ဘဝသည် (ဝါ) အသက်ရှင်ဖြစ်တည်နေမှု အတိုင်းအတာသည် အချိန်တစ်ချိန်အတွင်းမှာမဟုတ်။ ခေတ်တစ်ခေတ်အတွင်းမှာ မဟုတ်။ အတိုင်းအတာ ကန့်သတ်ချက်ကို လွန်မြောက်သော အချိန်အားလုံး အတွင်းမှာ ဖြစ်၏။

ခေတ်အားလုံးအတွင်းမှာ ဖြစ်၏။ သမိုင်း၏ အပိုင်းအဆစ် အကန့်အကွက်အတွင်းမှာ မဟုတ်။ သမိုင်း၏ အားလုံးသော အတိုင်းအတာကို လွန်မြောက်၏။

သူသည် ခေတ်ပြိုင်လူသားမဟုတ်။ ခေတ်အားလုံး၏ လူသားဖြစ်၏။ သူဖန်တီးသော အနုပညာသည် ခေတ်ပြိုင်အနုအပညာမဟုတ်။ ခေတ်အားလုံး၏ အနုပညာဖြစ်၏။ ခေတ်တစ်ခေတ်၏ အပိုင်းအဆစ်အဟွင်းမှာ အရောင်အဆင်း၊ အသင်း၊ အပွဲ့ ရန့်များမဟုတ်။ ခေတ်အားလုံး၏အတွင်းမှ

mgyoe.com

mgyoe.com
အရောင်အဆင်း၊ အသင်း၊ အပျံ့ ရနံ့များဖြစ်၏။ ခေတ်တစ်ခေတ်၏ အပိုင်းအဆစ်အတွင်းမှ ပုံသဏ္ဍာန်များမဟုတ်။ အကြောင်းခြင်းရာများမဟုတ်။ ခေတ်အားလုံးအတွင်းမှ ပုံသဏ္ဍာန်များ၊ အကြောင်းခြင်းရာများဖြစ်၏။

ခေတ်တစ်ခေတ်၏ အပိုင်းအဆစ်တစ်ခုအတွင်းမှ အသံများနှင့် ယင်းတို့၏ ပဲ့တင်များမဟုတ်။ ခေတ်အားလုံးအတွင်းမှ အသံများနှင့် ယင်းတို့၏ ပဲ့တင်များ ဖြစ်၏။ ခေတ်တစ်ခေတ်၏ အပိုင်းအဆစ်တစ်ခုအတွင်းမှ အမြင့်ဆုံးစံများ၊ အမြတ်ဆုံးတန်ဖိုးများမဟုတ်။ ခေတ်အားလုံး၏ အမြင့်ဆုံးစံများနှင့် အမြတ်ဆုံးတန်ဖိုးများဖြစ်၏။

အနုပညာသမားတစ်ယောက်၏ အနုပညာသည် အချိန်အပါအဝင် အတိုင်းအတာ ကန့်သတ်ချက်အားလုံးကို လွန်မြောက် ပေါက်ရောက်နိုင်သော သတ္တိထူးရှိ၏။ ထိုသို့သော အနုပညာကို ဖန်တီးခြင်းဖြစ်မှသာလျှင် အမှန်တရားကို ရရှိနိုင်သည်ဟု ကျွန်တော် အယူရှိပါ၏။

**ထိုအမှန်တရားသည် ဤလောကတွင် အရာအားလုံးနှင့် ခြားနားမတူသော အနုပညာသစ္စာတရားပင် ဖြစ်တော့သည်။**

❖

mgyoe.com

mgyoe.com

# အနုပညာသမား၏ နေရာ

mgyoe.com

mgyoe.com

# အနုပညာသမား၏ နေရာ

ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးက 'သမ္မာ' ဟူသော စကားကို 'ဖြူစင် ဖြောင့်မတ် ကောင်းမြတ်သော' ဟု မြန်မာပြန်ဆို တော်မူခဲ့ပါသည်။ (မဂ္ဂင်္ဒီပနီ–ရှု) အနုပညာသမားသည် **(အနုပညာ သမားစင်စစ်ကေန်ဖြစ်ပါက)** ဤလောကတွင် အဖြူစင်ဆုံး၊ အဖြောင့် မတ်ဆုံး၊ အကောင်းမြတ်ဆုံး လူသားဖြစ်၏။

သူသည် သမ္မာသူဖြစ်၏။ မသမ္မာသူ မဟုတ်။ သူသည် ဖြူစင် သူဖြစ်၏။ မည်းညစ်သူမဟုတ်။ သူသည် ဖြောင့်မတ်သူဖြစ်၏။ ကောက် ကျစ်သူမဟုတ်။ သူသည် ကောင်းမြတ်သူဖြစ်၏။ ဆိုးယုတ်သူမဟုတ်။ သူသည် အမှန်ဘက်မှာပဲ ရှိ၏။ အမှားဘက်မှာ မည်သည့်အခါမှမရှိ။ သူသည် တရားသောဘက်မှာ အမြဲရှိ၏။ အမှောင်ဘက်မှာ မည်သည့် အခါမှမရှိ။ ထိုသူသည် အနုပညာသမားစင်စစ် ကေန်ဖြစ်၏။

အနုပညာသမားအတွက် ဤလောကလူ့ရွာတွင် သူ့နေရာကို သူ့ အနုပညာများက သတ်မှတ်ပေးထားသည်။

အခြားတစ်ပါး မည်သူမည်ဝါ တစ်စုံတစ်ယောက်ကမှ သတ်မှတ် ပေး၍ မရ။ သူ့ အနုပညာများကသာ ထိုနေရာကို သတ်မှတ်ပေး၍ရ၏။

mgyoe.com

mgyoe.com

ထိုနေရာသည် တစ်ခုတည်းသော နေရာဖြစ်၏။ အစဉ်မြဲသော ထာဝရနေရာဖြစ်၏။ အစားထိုး၍မရ။ ဖယ်ရှား၍မရ။ ဆက်ခံ၍မရ။

မြန်မာနိုင်ငံတွင် ပုဂံပြည့်ရှင် အနော်ရထာမင်းမြတ်မှစ၍ သီပေါမင်းတိုင် မင်းအဆက်ဆက် နန်းစဉ်တစ်လျှောက် နေရာတွေ ပြောင်းလဲစိုးစံခဲ့ကြ၏။ သို့သော် **ရှင်ဥတ္တမကျော်**၏ **နေရာသည် တစ်နေရာတည်းသာ ရှိ၏။** သူ့နေရာကို မည်သူမှ ပြောင်းလဲဆက်ခံ၍မရ။ **နဝဒေး**၏နေရာသည် တစ်နေရာတည်းသာရှိ၏။ သူ့နေရာကို မည်သူမျှ ပြောင်းလဲဆက်ခံ၍ မရ။ လေးချိုးဘုရင်ကြီး၏ နေရာသည် တစ်နေရာတည်းသာရှိ၏။ သူ့နေရာကို မည်သူမျှ ပြောင်းလဲဆက်ခံ၍မရ။

အင်္ဂလိပ်ထီးနန်းဆိုပါစို့။ ခြင်္သေ့နှလုံးသားနှင့် ရစ်ချက်ဘုရင်နောက် မင်းအဆက်ဆက် ပြောင်းလဲဆက်ခံခဲ့သည်မှာ အယ်လစ်ဇဘက်ဘုရင်မကြီးအထိ။

သို့သော် **ရှိတ်စပီးယား**၏ နေရာသည် တစ်နေရာတည်းသာရှိ၏။ **ဘားနဒ်ရှော**၏ နေရာသည် တစ်နေရာတည်းသာရှိ၏။ **ရှယ်လီ**၏ နေရာသည် တစ်နေရာတည်းသာရှိ၏။ **ဝါရှင်တန်**မှ **ကလင်တန်**အထိ သမ္မတအဆက်ဆက် ပြောင်းလဲဆက်ခံခဲ့သော်လည်း **ရောဘတ်ဖရို**၏ နေရာကို မည်သူမျှ ပြောင်းလဲဆက်ခံ၍မရ။ **ဝီလျံဖော့ကနာ**၏ နေရာကို မည်သူမျှ ပြောင်းလဲဆက်ခံ၍မရ။

**ဇာဘုရင်**မှ **ယဲ့လဆင်**အထိ နေရာတွေ အမျိုးမျိုး ပြောင်းလဲခဲ့သော်လည်း **တော်စတွိုင်း**၏ နေရာသည် တစ်နေရာတည်းသာရှိ။။ **ပုရှကင်**၏ နေရာသည် တစ်နေရာတည်းသာရှိ၏။ **ဂေါ်ကီ**၏ နေရာသည် တစ်နေရာတည်းသာရှိ၏။ ဤလောကလူ့ရွာတွင် အနုပညာသမား၏ နေရာသည် တစ်နေရာတည်းသာရှိ၏။ အစဉ်မြဲသော ထာဝရနေရာဖြစ်၏။ အစားထိုး၍ မရ။ ဖယ်ရှား၍မရ။ ထိုနေရာကို မည်သူမည်ဝါ တစ်စုံတစ်ယောက်ကမှ သတ်မှတ်ပေး၍မရ။ သူ့အနုပညာများကသာလျှင် သတ်မှတ်ပေး၍ရ၏။

ထိုသို့ ကြီးကျယ်မြင့်မြတ်သောနေရာကို ရရှိထားသော အနုပညာသမားသည် သူ့အလုပ်ကိုသူလုပ်၏။

mgyoe.com

mgyoe.com

ထိုအလုပ်ကို စူးစိုက်နှစ်မြှုပ်၍လုပ်၏။ ဤအလုပ်ကိုလုပ်ပါ။ ထိုအလုပ်ကို လုပ်ပါ။ ဤသို့လုပ်ပါ။ ထိုသို့လုပ်ပါဟု သူ့အား မည်သူကမှ ခိုင်းစေညွှန်ကြား၍မရ။ ဤအလုပ်ကို မလုပ်ပါနှင့်။ ထိုအလုပ်ကို မလုပ်ပါနှင့်ဟု သူ့အား မည်သူ့ကမှ ပိတ်ပင်တားဆီး၍မရ။ ခိုင်းစေညွှန်ကြား၊ ပိတ်ပင်၊ တားဆီး၍ မရရုံသာမက တောင်းပန်တိုးလျှိုး၍လည်း မရ။ အဘယ်ကြောင့်ဆိုသော် သူသည် အမြဲထာဝရ အမှန်ဘက်က၊ အလင်းဘက်က၊ တရားသောဘက်က ရပ်တည်၍ သူ့**'အနုပညာ သစ္စာတတ်'**အရ သူ့အလုပ်ကိုသူ စူးစိုက်နှစ်မြှုပ်လုပ်တတ်သောကြောင့်ဖြစ် ၏။

ထိုအလုပ်သည် သူမှတစ်ပါး အခြားမည်သူမျှ ဝင်ရောက်စွက်ဖက်ရန် မလိုအပ်သော အမြဲထာဝရ ဖြူစင်ဖြောင့်မတ် ကောင်းမြတ်သော အနုပညာအလုပ်ဖြစ်သည်။ ထိုအလုပ်ကို လုပ်သော အနုပညာသမားသည် ကြီးကျယ်မြင့်မြတ်သော နေရာမှာနေ၏။

❖

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# စာပေအနုပညာ၏
# အနည်းဆုံးဝါဒ

mgyoe.com

mgyoe.com
mgyoe.com

mgyoe.com

# စာပေအနုပညာ၏ အနည်းဆုံးဝါဒ

**ဝတ္ထုအတိုပြဿနာ**

စာပေအနုပညာတွင် အနည်းဆုံးဖြစ်ရမည်ဟူသော အတွေးအခေါ် တစ်ရပ်ရှိပါသည်။ **အနည်းဆုံးဝါဒ** MINIMALISM ဟု ခေါ်ကြပါသည်။

အခြားသော အနုပညာရှင်များ (ပန်းချီ၊ ဗိသုကာ) တွင်လည်း ထိုအတွေးအခေါ်၊ ထိုဝါဒရှိသည်ဟု ကြားဖူးမှတ်ဖူးပါသည်။ အသေအချာ တော့ဖြင့် မပြောနိုင်ပါ။ ကျွန်တော်တို့ဆီမှာ (စာပေအနုပညာမှာ) တော့ အသေအချာရှိနေသည်ဟု ပြောရပါမည်။ အထူးသဖြင့် ပို့စ်မော်ဒန် POST MODERN ဝတ္ထုတိုများတွင် ရှိနေပါသည်။ ထိုဝါဒ၏ သဘောအချုပ်မှာ ဤသို့ ဖြစ်သည်ဟုပြောရပါမည်။

**"အနုပညာ ပစ္စည်းတစ်ခုတွင် MEDIUM အရ ပါဝင်ဖွဲ့စည်း သုံးစွဲသော MATTER** များ အနည်းဆုံးဖြစ်ရမည်" ပမာဏအား ဖြင့် ဝတ္ထုတို တစ်ပုဒ်ကို ရေးဖွဲ့ရာတွင် ဘာသာစကားကိုသုံး၍ စကားလုံး များဖြင့် ရေးဖွဲ့ ဖန်တီးရသည်။ ထိုနေရာတွင် **စကားလုံးအနည်း ဖြစ်ရ** မည်ဟု ဆိုလိုသည်။

mgyoe.com

mgyoe.com


စင်စစ် ဤကိစ္စသည် အဆန်းမဟုတ်ပါ။ ရှေးဆရာဆရာများ ပြောခဲ့ကြဖူးပါသည်။ စာရေးရာတွင် စကားလုံး သိပ်သည်းကျစ်လျစ်မှု၊ စကားသုံး သိပ်သည်းကျစ်လျစ်မှုပင် ဖြစ်ပါသည်။ ကျွန်တော်တို့၏ **"ရှေးရိုးအလင်္ကာ"**မှာလည်း အကျဉ်းကိုအကျယ်၊ အကျယ်ကိုအကျဉ်း ဖွဲ့ဆိုတတ်သော သြဇာဂုဏ်ဟူ၍ ရှိခဲ့ပါသည်။ **ခေတ်သစ်ရေးဟန်ပညာ/** STYLISTICS မထွန်းကားခင်ကပင် ထိုကိစ္စကို အလေးအနက် ပြောဆိုကြပါသည်။

မလိုအပ်ဘဲ စကားလုံး/စကားသုံး ဝေဆာများပြားခြင်းကို ကျစ်လျစ်သိပ်သည်းမှုမရှိသော၊ ပွရောင်းသော အရေးအသားဟု အပြစ်အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ သို့သော် ယခု ကျွန်တော်တင်ပြသော MINIMALISM က ထို့ထက်ပိုပါသည်။ စကားလုံး/စကားသုံး ကျစ်လျစ်သိပ်သည်းရုံမျှမက အနုပညာပစ္စည်း တစ်ခုလုံးအနေနှင့်လည်း ကျစ်လျစ်သိပ်သည်းရမည်။ အပိုမပါရဟူ၍ ဖြစ်ပါသည်။

ဥပမာဆိုပါစို့။ **"စစ်နှင့်ငြိမ်းချမ်းရေး'** လောက် ပမာဏရှိသော **'အရှေ့ကနေဝန်းထွက်သည့်ပမာ'** လောက် ပမာဏရှိသော ဝတ္ထုတစ်ပုဒ် ဆိုပါစို့။ ထိုဝတ္ထုတွင် စကားလုံး/စကားသုံး မည်မျှ ကျစ်လျစ်သိပ်သည်းစေကာမူ ပမာဏအားဖြင့် ဝတ္ထုရှည်သာဖြစ်၏။ **'အနည်းဆုံးဝါဒီ'** MINIMALIST များ၏ စံနှင့် မကိုက်ညီ။ သူတို့၏စံသည် စကားလုံးအနည်းဆုံးနှင့် ဖော်ပြနိုင်ရမည်ဟူသော အချက်တွင် အခြေခံသောကြောင့် **'တိုတောင်းမှု'** ပမာဏ သဘောပါလာပါသည်။ ဝတ္ထုရှည်ကို အနုပညာအမျိုးအစား တစ်ရပ်အဖြစ် လက်ခံမခံ မသိရသော်လည်း (ဝါ) မပြောကြသော်လည်း 'အနည်းဆုံးဝါဒီ'များသည် အတိုကိုသာ နှစ်သက်ကြသည်ဟု ပြောနိုင်ပါသည်။

ဝတ္ထုတိုခေတ်ဦးက ပိုး POE ၏ သတ်မှတ်ချက်များကိုပင် စွန့်ပစ်လိုက်ကြသည်။ သူတို့အလိုအရ အသိပ်သည်းဆုံး အကျစ်လျစ်ဆုံး ဖြစ်စေရန် အတိုဆုံးရေးဖွဲ့ရမည်ဟု ယူဆဖွယ်ရှိပါသည်။

**ပို့စ်မော်ဒန်** POST MODERN ဝတ္ထုတိုသမားများသည် ယေဘုယျအားဖြင့် (ဝါ) များသောအားဖြင့် **အနည်းဆုံးဝါဒီ** MINI-

mgyoe.com

mgyoe.com


MALIST များ ဖြစ်သည်ဟု ဆိုချင်ပါသည်။

ထင်ရှားသောသာဓကမှာ ဘက်ကက် BECKETT ဖြစ်ပါသည်။ သူ၏ OLD EARTH ဝတ္ထုတိုသည် စုစုပေါင်း ဝါကျ ၁၅ ကြောင်းသာပါသော အတိုတစ်ပုဒ်ဖြစ်ပါသည်။

ကျွန်တော်တို့ဆီမှာလည်း **'တစ်မျက်နှာဝတ္ထုတို'၊ 'အတိုဆုံးဝတ္ထု'** ခေါင်းတပ်၍ ဖော်ပြကြသော ဝတ္ထုတိုများရှိနေပါသည်။ ကျွန်တော်သိသလောက်ပြောရလျှင် ထိုဝတ္ထုတိုများသည် လှည့်ကွက်တစ်ခု ဇာတ်သိမ်းအဖြေတစ်ခုကို အားပြုထားတတ်ကြပါသည်။ မော်ဒန်ဝတ္ထုတို၏ အခြားတစ်ပါးသော လက္ခဏာရပ်များပါမပါ လေ့လာဖို့ ရှိပါသေးသည်။

တစ်ဖန် မော်ဒန်ဝတ္ထုတို၏ လက္ခဏာရပ်များပါသော (ဝါ) မော်ဒန်ဝတ္ထုတိုဟု ဆုံးဖြတ်နိုင်သော (ဝါ) မော်ဒန်ဝတ္ထုတိုများမှာပင် မလိုအပ်သော **'ဝေဆာရှည်လျားမှု'** တွေ့တွေ့နေရပါသေးသည်။ ဝတ္ထုတိုလောကမှာ ထင်ရှားခဲ့သော CHEKOVIAN စံနှင့်ပင် မကိုက်ညီသော **'ရှည်မှု'** များ တွေ့နေရပါသည်။

မော်ဒန်ဝတ္ထုတိုတိုင်း တိုသည်ဟုတော့ ပြော၍မရပါ။

ရှည်လျက်နှင့်ပင် အခြားမော်ဒန်လက္ခဏာရပ်များ ထင်ရှားပါဝင်သော ဝတ္ထုတိုများ ရှိနိုင်ပါသည်။

**ပို့စ်မော်ဒန်ဝတ္ထုတိုများမှာပင်'ရှည်မှု'များ** တွေ့ရပါသေးသည်။

ယခု တင်ပြနေသည်မှာ **'အနည်းဆုံးဝါဒ'**သည် အနုပညာအတွေးအခေါ်တစ်ရပ်၊ အနုပညာလမ်းကြောင်း TREND တစ်ခု၊ အနုပညာဝါဒတစ်ခုအဖြစ် တည်ရှိနေကြောင်းကိုသာ တင်ပြနေခြင်းဖြစ်ပါသည်။ ကြိုက်မကြိုက် လက်ခံမခံဆိုသည်မှာလည်း ယခင့်ယခင် ကျွန်တော်ပြောခဲ့ဖူးသည့်အတိုင်း ကျွန်တော့်ကိစ္စမဟုတ်ပါ။ အခြားပုဂ္ဂိုလ်များ၏ ကိစ္စသာဖြစ်ပါသည်။

ကဗျာအကြောင်း ဆက်ပါမည်။

mgyoe.com

mgyoe.com

ကဗျာအတိုပြဿနာ

(ပုဂံရာဇဝင်ကို တုတ်တမ်းပြောရသည်ဟု ဆိုရိုးရှိပါသည်။ ကဗျာအကြောင်းပြောလျှင် ရှစ်ဆယ့်နှစ်မမ လက်နက်ကြီးတစ်လက် ဆောင်ထားရမည်ကဲ့သို့ ရှိပါသည်။ 'ကဗျာအတို' ပြဿနာကို 'မြတ်လေး' မဂ္ဂဇင်း မှာ ကျွန်တော်ရေးခဲ့ဖူးပါသည်။ ထိုစဉ်က သဘောမတူသူများ ရှိခဲ့ပါသည်။ အချို့ကလည်း အခြေခံ သီဝရီရှိသလားဟု မေးခွန်းထုတ်ကြပါသည်။ 'မြတ်လေး'မဂ္ဂဇင်းရပ်သွားခြင်းနှင့် အခြားအကြောင်းများကြောင့် ကျွန်တော်ဖြေကြားရန် ခွင့်မသာခဲ့ပါ။ ယခုတစ်ပါတည်း ဖြေကြားပါရစေ။)

ကဗျာမှန်လျှင် တိုရမည်ဟူသော အယူအဆကို တင်ပြသူမှာ ဝတ္ထုတိုဆရာ၊ ဝတ္ထုတိုဝေဖန်ရေးဆရာနှင့် ကဗျာဆရာဖြစ်သော အင်္ဂလိပ်ပို **EDGAR ALLAN POE** ဖြစ်ပါသည်။

သူ၏ကျော်ကြားသော THE POETIC PRINCIPLE အမည်ရှိစာတမ်းတွင် အတိအလင်း အခိုင်အမာ ဆိုခဲ့ပါသည်။ **'ကဗျာအရှည်ဟူ၍မရှိ'** ဟုပင် ဆိုခဲ့ပါသည်။ ထိုစာတမ်းကို ၁၉၆၇ ခုနှစ် **'ပင်ဂွင်'**တိုက်ထုတ် SELECTED WRITINGS စာမျက်နှာ ၄၉၉ တွင် တွေ့ရပါလိမ့်မည်။ ရှာဖွေဖတ်ရှုကြပါ။ ထိုအဆိုသည် စာဆိုကျော်ကြီး **ကောလားရစ် COLERIDGE ၏ အတွေးအခေါ်** မှလာသည်ဟု နောက်ဝေဖန်ရေးဆရာများ ထောက်ပြကြပါသည်။ မူရင်းကို J.SAW CROSS တည်းဖြတ်၍ ၁၉၀၇ ခုနှစ်တွင် **'အောက်စဖို့'** မှ ထုတ်ဝေသော S.T.COLERIDGE ၏ BIOGRAPHIA LITERARIA ကျမ်း၊ အတွဲ–၂၊ စာမျက်နှာ ၁၁ တွင် တွေ့မြင်ဖတ်ရှုနိုင်ပါသည်။ ရှာဖွေဖတ်ရှုကြပါကုန်။

ထိုပုဂ္ဂိုလ်ကြီးများ ထိုသို့ဆိုမိန့်ခဲ့သောကြောင့် ကမ္ဘာစာပေလောကကဗျာတွေ တိုသွားသည်ဟုတော့ ပြော၍မရပါ။ အနုပညာမြောက်၍ ဂန္ထဝင်နှင့် ခေတ်သစ်စာရင်းဝင်ခဲ့သော ကဗျာရှည်ကြီးများ မြောက်မြားစွာ ပေါ်ထွက်ခဲ့ပါသည်။

ကျွန်တော် တင်ပြလိုသည်မှာ အနုပညာ အတွေးအခေါ်တစ်ရပ်၊ စာပေအယူအဆတစ်ရပ်အဖြစ် ဤသို့ ပေါ်ထွန်းခဲ့သည်၊ တည်ရှိခဲ့သည်ဆို

mgyoe.com

သော အချက်ပင်ဖြစ်ပါသည်။ ကျွန်တော်တို့ သိသလောက် အရှေ့တိုင်းမှာ ဟိုက်ကူ ကျွန်တော်တို့ကဗျာမှာ ဒွေးချိုး နှင့် လေးဆစ်တို့သည် "သူ့ဂုဏ်နှင့်သူ သန့်သန့်ကလေး" ရပ်တည်နိုင်ခဲ့ကြသည်။ လွန်ခဲ့သော အနှစ်နှစ်ဆယ်ကျော်ကဟု ထင်ပါသည်။ ခေတ်စားခဲ့သော သုံးကြောင်းကဗျာများနှင့် လူငယ်ကြိုက် ပို့စကတ်ကဗျာများကိုလည်း မေ့ထား၍မရပါ။ ကျွန်တော်တို့ ယခုတိုင်မေ့မရသော ကဗျာအတိုကလေးများ ရှိနေသည်မှာ အမှန်ပင်။

ဆေးလိပ်လည်းတို
နေလည်းညိုပြီ
ငါ့ကို ပြန်ပို့ကြပါလေ။

တင်မိုး

မိုးရိုးငယ်ဖြူ
လူတွေလား လူတွေလား။
လှိုင်းတစ်ထောင် ဖျိုင်းတောင်ခတ်
ကမ်းစပ်ကိုသွား

တင်မိုး

စောင့်စားမျှော်ကိုး
ရှေ့ကိုတိုးသည်
ဆန်အိုးရောင်း၍ ဆန်ဝယ်ရန်

မောင်နန်းလု

သူခိုးဖမ်းပါ
လမ်းကြားမှာလား
ပန်ကာအောက်တွင်
ထိုင်နေသည်။

မောင်ယဉ်မွန်

mgyoe.com